ကိုရင်။ ။ကမ္မဋ္ဌာန်းဆိုတာနဲ့ ဘာဝနာဆိုတာ တူးပါသေးသလား အရှင်ဘုရား။

ဆရာ။ ။မထူးတဲ့နည်းလဲ ရှိတယ်၊ ထူးတဲ့နည်းလဲ ရှိတယ်၊ "ကမ္မ=ရှေးရှေးဘာဝနာအလုပ်သည်ပင်+ဌာန=နောက်နောက်ဘာဝနာ၏ တည်ရာ" လို့ ဆိုလျှင် ရှေးရှေးဘာဝနာကိုပင် "ကမ္မဋ္ဌာန=ကမ္မဋ္ဌာန်း" လို့ခေါ်တယ်၊ ဒီလိုဆိုတော့ ဘာဝနာနဲ့ ကမ္မဋ္ဌာန်းဟာ ရှေ့နောက်သာ ကွဲတယ်၊ သဘောတော့ မထူးဘူး။

"ကမ္မ= ဘာဝနာအလုပ်၏+ဌာန=တည်ရာ" လို့ ဆိုလျှင်တော့ ဘာဝနာစိတ်အစဉ်၏ တည်ရာဖြစ်သော ကသိုဏ်း အာရုံတို့ ဘုရားအာရုံတို့လို အာရုံများကို "ကမ္မဋ္ဌာန်း" လို့ ခေါ်ရတယ်၊ ဒီလိုဆိုလျှင် ဘာဝနာက စိတ်အစဉ်, ကမ္မဋ္ဌာန်းက စိတ်၏ အာရုံဖြစ်၍ ဘာဝနာနဲ့ ကမ္မဋ္ဌာန်းဟာ ထူးတယ်။

## ဘာဝနာ ၂-မျိုး

ကိုရင်။ ။အဲဒီ ဘာဝနာဟာ ဘယ်နှစ်မျိုးရှိပါသလဲ အရှင်ဘုရား။

ဆရာ။ ။သမထဘာဝနာ, ဝိပဿနာဘာဝနာဟု ဘာဝနာ ၂-မျိုး ရှိတယ်။

ကိုရင်။ ။သမထ ဘာဝနာဆိုတာ ဘယ်လို ဟာမျိုးပါလဲ အရှင်ဘုရား။